# ညီနောင်တိုင်းရင်းသား (၅) ပါတီ၏ သဘောထားကြေညာချက်

အမှတ်(၄/ ၂၀၁၁)

**နိဒါန်း**

ကျွန်ုပ်တို့ ညီနောင်တိုင်းရင်းသား (၅) ပါတီအနေဖြင့် ချစ်ကြည်သွေးစည်းစွာ တိုင်ပင်ဆွေးနွေးပြီးနောက် သဘောထားကြေညာချက်များ ထုတ်ပြန်ခဲ့သည်မှာ အမှတ် (၄) အထိ ရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းသဘောထား ကြေညာချက်များနှင့်ဆက်နွယ်ပြီး နိုင်ငံတော်ဖက်မှ အချို့ကိစ္စများကို အကောင်အထည်ဖော်ပေးခဲ့သည့်အတွက် ကျွန်ုပ်တို့ဝမ်းမြောက်ပါသည်။ ဥပမာအားဖြင့်၊ အငြိမ်းစား ပင်စင်လစာ တိုးမြှင့်ခြင်းကိစ္စ၊ ဆင်းရဲမွဲတေမှု လျှော့ချရေးစီမံချက် စသည်တို့ဖြစ်ပါသည်။ သို့သော် ဆက်လက်ဆောင်ရွက်သွားရန် များစွာ ကျန်ရှိနေသေးကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲအပြီး ဆက်လက်ဖြစ်ပေါ်နေသော တိုင်းရင်းသားဒေသများအတွင်း လက်နက်ကိုင်ပဋိပက္ခကိစ္စရပ်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့အနေဖြင့် စိတ်မကောင်းဖြစ်ရပါသည်။ ပြည်တွင်းငြိမ်းချမ်းရေး ကိစ္စများတွင် ယခုထက်ပို၍ အာရုံစိုက်ဖြေရှင်းမှု နည်းလမ်းကောင်းများ ဖော်ထုတ်သင့်သည်ဟု ယုံကြည်သဖြင့် အောက်ပါသဘောထားကြေညာချက်များကို ထုတ်ပြန်ပါသည်။

၁။ ၂၀၁၀ ပြည့်နှစ် မတ်လ ၃၀ ရက်နေ့ နိုင်ငံတော် သမ္မတဦးသိန်းစိန်၏ အစိုးရသစ် မူဝါဒမိန့်ခွန်းကိုကြိုဆိုလျက် ကျွန်ုပ်တို့၏ သဘောထားကြေညာချက် အမှတ် (၂)ကို ဧပြီလ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းကြေညာချက်တွင် –

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားဒေသများသည် ဖွံ့ဖြိုးမှု နောက်ကျနိမ့်ကျနေသော ဒေသများဖြစ်ပါသည်။ ထိုဒေသများ၏တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းအတွက် အဓိကလိုအပ်နေသော အခြေအနေမှာ ငြိမ်းချမ်းရေးဖြစ်ပါသည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ရရှိရေးအတွက် အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိ လိုအပ်ချက်ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ဒီမိုကရေစီအစိုးရသစ်မှ လိုအပ်သော ငြိမ်းချမ်းရေးအခြေအနေကို ပြီးပြည့်စုံအောင် အစဉ်တစိုက်ဆောင်ရွက် ပေးသင့်ပါသည်** – ဟုဖော်ပြခဲ့ပါသည်။

၂။ ငြိမ်းချမ်းရေး အခြေခံတည်ဆောက်နိုင်ရန်အတွက် လက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်စဲပြီး အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်ထုတ်ပေးကြပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

၃။ အစိုးရသစ်ဦးဆောင်မှုအောက်တွင် ညီနောင်တိုင်းရင်းသားပါတီများအပါအဝင် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဂုဏ်သိက္ခာရှိပုဂ္ဂိုလ်များ နှင့် ကျွမ်းကျင်ပညာရှင်များပါဝင်သော ငြိမ်းချမ်းရေး ကော်မတီတစ်ရပ် ဖွဲ့စည်းကာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပပေးသင့်ကြောင်း တိုက်တွန်းအပ်ပါသည်။

၄။ လက်နက်ကိုင်ပဋိပက္ခများအကြားမှ အပြစ်မဲ့ပြည်သူများမှာ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများမှ ပြည်သူများကဲ့သို့ပင် ဘေးဒုက္ခ အကြီးအကျယ်ရောက်နေပါသည်။ ထို့ကြောင့် ဒုက္ခရောက်နေသော ဒေသခံပြည်သူတို့အား လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပံ့ပိုးကူညီပေးကြပါရန် နိုင်ငံတော်အစိုးရသစ်၊ ပြည်တွင်းပြည်ပ ပရဟိတအဖွဲ့များနှင့် အလှူရှင်များအား အထူးမေတ္တာရပ်ခံအပ်ပါသည်။

ဦးဖိုဇမ် ဥက္ကဋ္ဌ၊ ချင်းအမျိုးသားပါတီ ..............................

ဦးနိုင်ငွေသိန်း ဥက္ကဋ္ဌ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ..............................

ဦးစောသန်းကျော်ဦး ဥက္ကဋ္ဌ၊ ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ ..............................

ဦးစိုင်းထွေးမောင် ဗဟိုအလုပ်အမှုဆောင်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ..............................

ဦးအုန်းတင် ဒု-ဥက္ကဋ္ဌ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ ..............................

ရက်စွဲ။ ။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၃) ရက်

နေရာ။ ။ ရန်ကုန်မြို့။